# ထီးချားရားကျေးရွာ

# မြဝတီမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၄)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထီးချားရားကျေးရွာ၊မြဝတီမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မြဝတီမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဧပြီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ထီးချားရားကျေးရွာသယံဇာတပြမြေပုံ၊မြဝတီမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာမီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၇ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၅၆ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၆၃ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၆၅ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၆၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်ကျွန်ုပ်တို့ကျေးရွာ၏လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်မှ၂၀၂၃-၂၀၂၄ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

**မတ်လ၊၂၀၂၀** **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ထီးချားရားကျေးရွာ**

**မြဝတီမြို့နယ်**

# ထီးချားရားကျေးရွာသယံဇာတပြမြေပုံ၊မြဝတီမြို့နယ်



## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျေးရွာသည်ကရင်ပြည်နယ်၊ကော့ကရိတ်ခရိုင်၊မြဝတီမြို့နယ်၏မဲ့ပလဲ့ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်ရွှေကုက္ကိုလ်နှင့်သဲပုံကျေးရွာ၊ အနောက်ဘက်တွင်စံပါလိုက်ကျေးရွာ၊ မြောက်ဘက်တွင် ဘိုတဲကျေးရွာ၊ တောင်ဘက်တွင်နဒီရန်လင်းမြိုင်ကျေးရွာနှင့်ချောင်းဆုံကျေးရွာ၊ တို့နှင့် ဆက်စပ်လျှက်တည်ရှိနေပါသည်။ကျေးရွာတွင်ကရင်တိုင်းရင်းသားများစုပေါင်းနေထိုင်ကြပြီးဗမာလူမျိုးမှာလူနည်းစုဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုမှာသမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော လယ်မြေဧရိယာမှာ (၁၁၅၀)ဧက နှင့်တောင်ယာမြေ (၃၈၅) ဧက စုစုပေါင်း (၁၅၃၅)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်းရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား-၅ဦး) အုပ်ချုပ်ရေးအဖွဲ့ (ကျား-၆ဦး)၊လုံခြုံရေးအဖွဲ့ (ကျား-၁၅)၊ ဂေါပကအဖွဲ့ (ကျား - ၂၀ ဦး)၊ တို့သည်ကျေးရွာ၏ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင်နေကြပါသည်။အမျိုးသမီးရေးရာအဖွဲ့ (မ-၅ ဦး) သည် ကျေးရွာ၏ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်နေကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ကျား - ၈ ဦး+၁ဦး=၉ဦး)သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့်ပူးပေါင်း ၍ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတတ်သရောစု ပေါင်းလုပ်ဆောင်လျှက်ရှိပါသည်။ ထီးချားရားကျေးရွာတွင်ပြင်ပအဖွဲ့အစည်းဖြင့်ဆောင်ရွက်ပေးသည့်အဖွဲ့အစည်းမရှိပါ။

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ထီးချားရေးကျေးရွာတွင် ၂.၅ဧကအောက်ဆင်းရဲသားတောင်သူ (၁၁၇) အိမ်ထောင်စုနှင့်၂.၅ဧကမှ၅ဧကကြားတောင်သူငယ်(၁၆)အိမ်ထောင်စု၊၅ဧကမှ၁၂.၅ဧကကြားတောင်သူလတ် (၉၂) အိမ်ထောင်စု၊၁၂.၅ဧကအထက်တောင်သူကြီး (၄၀) အိမ်ထောင်စုစသည်တို့ရှိကြပြီးအဓိကအားဖြင့်စပါး၊ပဲနှင့်ပြောင်းသီးနှံများကိုအားထားစိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကအားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအရင်းအမြစ်မရှိသောကြောင့် နွေရာသီတွင်သီးနှံစိုက်ပျိုးခြင်း နည်းပါးပါသည်။ စပါးအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ(၄၀)ပုံးရှိပါသည်။ ပဲအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ(၂၃)ပုံးရှိပါသည်။ ပြောင်းအထွက်နှုန်းမှာတစ်ဧကပျမ်းမျှ (၁၁၀)ပုံးရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင်လက်တွန်းထွန်စက် (၁၂၃) စီး၊ခြွေလှေ့စက် (၄) စီးရှိပြီး ရေစုပ်စက် (၂)လုံးရှိပါသည်။အဖွဲ့ပိုင်ထွန်စက်၊ ခြွေလှေ့စက် မရှိပါ။တောင်သူများသည်စက်များကိုငှားရမ်းလုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊အော်ဂဲနစ်မြေသြဇာနှင့်သွင်းအားစုများ၊ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များကိုလည်းမြို့နှင့်အလှမ်းမဝေးသဖြင့်လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင်ကုန်သည်ပွဲစားများမှတဆင့်ရောင်းချနိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၇၄) အိမ်ရှိပြီးနွားကောင်ရေ (၇၄၅) ကောင်၊အိမ်ထောင်စု (၅၂) အိမ်မှဆိတ် (၁၇၈) ကောင်၊အိမ်ထောင်စု (၁၅၉) မှဝက် (၂၅၇) ကောင်၊အိမ်ထောင်စု (၁၈၇)အိမ်မှကြက် (၇၉၅) ကောင်၊အိမ်ထောင်စု (၃၆)အိမ်မှဘဲ(၁၁၁)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့်အတွေ့အကြုံ၊အသိပညာများအားနည်းကြပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာရှိအိမ်ထောင်စုများသည်ယာဉ်ပြင်ဆင်ရေးလုပ်ငန်း၊ အလုပြင်/အပ်ချုပ်လုပ်ငန်း၊တောင်ယာလုပ်ငန်း၊ ဈေးအရောင်းအဝယ်လုပ်ငန်း၊ ကျန်းမာရေးဝန်ထမ်းလုပ်ငန်းစသည့်ဖြင့်အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည်အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းစသည်တို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြား ဒေသထွက်ကုန်များရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှုအားနည်းပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးရေးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူ၍ ရရှိနိုင်သော်လည်းကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းနှင့်စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည်ချေးငွေများလွယ်ကူစွာလိုသလောက်မရရှိသဖြင့်တစ်ပိုင်တစ်နိုင်စီးပွားဖြစ်လုပ်ကိုင်ကြရန်အခွင့်အလမ်းများနည်းပါးကြပါသည်။ကျေးရွာအတွင်းရှိငွေချေးသူများထံမှတစ်လအတိုးနှုန်း(၅-၁၀) ရာခိုင်နှုန်းထိချေးယူနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသောကာလရှည်ချေးငွေများရရှိရန်လိုလားကြပါသည်။

# ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်ကားမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကိုလုပ်ကိုင်နေသည့်အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ကျေးရွာတွင်စက်ဘီး (၄၄) စီး၊မော်တော်ဆိုင်ကယ် (၁၈၂) စီး၊ထော်လာဂျီ (၁၀) စီး၊ကား (၃၅)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်အသုံးပြုနေကြပါသည်။

ကျေးရွာတွင်ကွန်ကရစ်လမ်း(၂)လမ်းနှင့်မြေသားလမ်း (၉)လမ်းရှိပြီး အချို့သောကွန်ကရစ်လမ်းများကို ကျေးရွာမှ မတည်၍ ကိုယ်ထူကိုယ်ထ လုပ်ဆောင်ထားပါသည်။

ကတ္တရာလမ်းမှာကျေးရွာချင်းဆက်လမ်းမကြီးဖြစ်ပြီးသွားလာရအဆင်ပြေပါသည်။မိုးတွင်းကာလများတွင်မြေသားလမ်းများပေါ်သို့ရေကျော်ပြီးဗွက်များ၊ချိုင့်များဖြစ်ကာသွားလာရအဆင်မပြေမှုများရှိနေပါသည်။

ထီးချားရားကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်းရှိပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ရှိတံတားများမှာကားကြီးများ၊တန်ပိုယာဉ်များဖြတ်သန်းနေကြပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်းမရရှိသေးပါ။ ဆိုလာစနစ်၊အခြားနည်းစနစ်များဖြင့်မီးသုံးစွဲနေသောအိမ်ထောင်စုများလည်းရှိကြပြီးဆိုလာအသုံးပြုသောအိမ်ထောင်စု(၈၀)စု၊ ဒီဇယ်အင်ဂျင်အသုံးပြု သောအိမ်ထောင်စု (၂)စု၊ဖယောင်းတိုင် အသုံးပြုသောအိမ်ထောင်စု(၅၂)စုသုံးစွဲကြပြီး လုံးဝအသုံးမပြုနိုင်သေးသောအိမ်ထောင်စု (၁၃၁)စုရှိပါသည်။

## (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ထီးချားရားကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း (၂၄၁) လုံး၊ရေဒီယို (၂၁) လုံး၊တီဗွီ (၉၄) လုံး၊ဂြိုလ်တုစလောင်း (၉၃)လုံးတို့မှရရှိသည့်အပြင် အမ်ပီတီနှင့်တယ်လီနောဖုန်းတာဝိုင်တိုင်များမှလည်း ကျေးရွာတွင်ရှိသဖြင့်ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများအထူးတလည်မရှိပေ။

## ၆။ ပညာရေး

ထီးချားရားကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး တက္ကသိုလ်တက်နေသည့်ကျောင်းသားကျောင်းသူများလည်းအနည်းငယ်ရှိပါသည်။ ကျောင်းတွင်ကျောင်းဆောင်အနည်းငယ်သာပါရှိပြီး မိမိတို့ကျေးရွာမှကျောင်းသားများသာမက အခြားနီးစပ်ရာကျေးရွာများမှပါ လာရောက်ပညာသင်ကြားနေကြသဖြင့်ကျောင်းဆောင်သစ်တစ်ဆောင်လိုအပ်နေပါသည်။ ထို့ပြင်ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။

ကလေးများပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့်ဆရာ(၁)ဦးနှင့်ဆရာမ(၈)ဦးရှိပြီးရွာခန့်ဆရာ(၂)ဦးနှင့်ဆရာမ(၃)ဦးရှိပါသည်။ ကျေးရွာတွင်စာမတတ်သည့်လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ လွန်ခဲ့သောကာလများတွင်နယ်မြေမအေးချမ်းသောကြောင့် ပညာသင်ယူနိုင်မှုအခွင့်အလမ်းနည်းပါးခဲ့ရခြင်း ဖြစ်နိုင်ပါသည်။မူလတန်းအဆင့်စာတတ်မြောက်သည့် လူဦးရေမှာ (၄၇.၄၃)ရာခိုင်နှုန်းအထိ

များပြားပြီး၊ အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ (၁၀.၁၉) ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၅.၄၅)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁.၂၆)ရာခိုင်နှုန်းရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်လိုအပ်သည့်ကာကွယ်ဆေးများအားကျန်းမာရေးဦးစီးဌာနကနှစ်စဉ် နှစ်တိုင်းကျေးရွာအထိလာရောက်ထိုးပေးလျှက်ရှိပါသည်။ ကျေးရွာတွင်ကျေးလက်ကျန်း မာရေးဌာနခွဲရှိသည့်အပြင်ကုတင်နှင့်ဆေးဝါးအလုံအလောက်ရှိပါသည်။ မြဝတီမြို့နှင့် နီးပြီးအလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင်မြဝတီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့်ကျန်းမာရေးနှင့်ပတ်သက်သည့်အခက်အခဲ နည်းပါးပါသည်။

ကျေးရွာတွင်သောက်သုံးရေကို စိမ့်စမ်းအဓိကထားအသုံးပြုကြပါသည်။ ကျေးရွာ တွင်သန့်ရှင်းသော ယင်လုံအိမ်သာများကိုအသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိ ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထီးချားရားကျေးရွာတွင်လက်လုပ်လက်စားကျပန်းလုပ်ငန်းများလုပ်ကိုင်သည့်အိမ် ထောင်စုအနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည်သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ထီးချားရားကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့်သဘာဝတိရစ္ဆာန် မျိုးစိတ်များရှားပါးပါသည်။ မိုးရာသီတွင်ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေး ရောဂါများဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွား သည့်လူနာအနည်းငယ်သာရှိပါသည်။ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သောကြက်နာ၊ ဝက်နာရောဂါများဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ထီးချားရားကျေးရွာ၏ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင်အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်းကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့်လုပ်ငန်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်းအကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

## ၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – မဲ့ပလဲ့ | | | ကျေးရွာအမည် – ထီးချားရား | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | သက်ဆိုင်ရာ အဖွဲ့ဝင်များ အား စီမံခန့်ခွဲမှု၊ ခေါင်း ဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင် ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ  ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။ | |
| ၇ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။ | |
| ၉ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစ ား_အလတ်စားစီးပွားရေးလု ပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |

| ကျေးရွာအုပ်စုအမည် – မဲ့ပလဲ့ | | | ကျေးရွာအမည် – ထီးချားရား | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၂ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၃ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | နှစ်ထပ်ကျောင်းဆောင်သစ် (၁၀၀' × ၃၀') တစ်ဆောင် ဆောက်လုပ်ခြင်း။ | |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကလေးအားကစားကွင်း (၃၀ ' ×၃၀') ပြုလုပ်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအားကစားကွင်းပြင်ဆင်ခြင်းနှင့်အားကစားပစ္စည်းများဖြည့်တင်း ခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၄၅၀’) ကာရံခြင်း။ | |
| ၁၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပုံမှန်ပြုလုပ်ခြင်း။ | |
| ၂၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၁)(ခ)လမ်း (၆၀၀ ' ×၁၂' ×၆”) ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – မဲ့ပလဲ့ | | | ကျေးရွာအမည် – ထီးချားရား | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၁)(ဂ)လမ်း (၃၇၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၁)(ဃ)လမ်း (၃၀၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၁)(င)လမ်း (၃၅၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၂)(က)လမ်း (၅၀၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၂)(ခ)လမ်း (၂၅၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၂)(ဂ)လမ်း (၇၀၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၂)(ဃ)လမ်း (၃၀၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၃)(က)လမ်း (၃၃၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ | |

| ကျေးရွာအုပ်စုအမည် – မဲ့ပလဲ့ | | | ကျေးရွာအမည် – ထီးချားရား | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| | | | ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။ | |
| ၂၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၃)(ခ)လမ်း (၁၀၀၀ ' ×၁၂' ×၆”') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။ | |
| ၃၀ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်း (၂') တစ်တွင်းတူးဖော်ခြင်းနှင့် ရေစင်၊ရေစက်ရုံတစ်ခု တည်ဆောက် ခြင်း။ | |
| ၃၁ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေပိုက်ပြုပြင်ခြင်း။(၉၂၄ပိုက် ) (၃”) | |
| ၃၂ | လျှပ်စစ် | မိသားစုသုံးဆိုလာ | ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။ | |
| ၃၃ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာဦးစီးဌာန/ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ် ဆက်ခြင်း။ | |
| ၃၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း။ | |
| ၃၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။ | |
| ၃၆ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစား ပစ္စည်း များ ဖြည့်တင်းခြင်း။ | |
| ၃၇ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၈ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |

## ထီးချားရားကျေးရွာ၊မဲပလဲ့ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဖားခို့ခွီ | ဦးဒိကွာ | ၃/မဝတ(နိုင်) ၀၅၅၆၂၅ | ၄၃ | နာယက | ၀၉-၇၆၈၈၀၃၇၈၃ |
| ၂ | ဦးကျော်မြ | ဦးဖားကျူး | ၃/မဝတ(နိုင်) ၀၁၇၉၂၃ | ၅၆ | နာယက | ၀၉-၇၇၅၃၂၀၉၇၀ |
| ၃ | ဦးစောသာနယ် | ဦးထိသဲ | ၃/မဝတ(နိုင်) ၀၁၅၅၀၈ | ၅၆ | နာယက | ၀၉-၄၅၁၉၀၄၄၅၈ |
| ၄ | ဦးအောင်ရ | ဦးဖားကျူး | ၃/မဝတ(နိုင်)၀၁၇၈၇၂ | ၅၄ | ဥက္ကဋ္ဌ | - |
| ၅ | ဦးလှလေး | ဦးဝေဖိုး | ၃/မဝတ(နိုင်) ၀၂၅၇၅၃ | ၄၆ | အတွင်းရေးမှူး | ၀၉-၇၇၉၃၆၃၀၆၅ |
| ၆ | ဒေါ်မုဂေဖော | ဦးပန်းနီ | ၃/မဝတ(နိုင်) ၀၁၈၁၆၈ | ၅၃ | ဘဏ္ဍာရေးမှူး | - |
| ၇ | ဦးစောကဲမှူး | ဦးကူးလူး | ၃/မဝတ(နိုင်) ၀၁၄၇၀၇ | ၄၀ | စာရင်းကိုင် | ၀၉-၇၈၄၁၁၈၈၃၀ |
| ၈ | ဦးစောဖူးလီ | ဦးထွန်းအေး | ၃/မဝတ(နိုင်) ၀၁၇၈၉၃ | ၅၂ | အဖွဲ့ဝင် | ၀၉-၇၈၁၂၀၆၆၇၀ |
| ၉ | ဦးစောကော်ဂေထူး | ဦးစောကင်ထွန်း | ၃/မဝတ(နိုင်) ၀၂၅၂၈၂ | ၃၀ | အဖွဲ့ဝင် | ၀၉-၇၈၇၃၂၈၀၁၄ |
| ၁၀ | ဦးစောမူးအယ့်ထူး | ဦးစောလယ့်ထူး | ၃/မဝတ(နိုင်) ၀၁၃၃၃၀ | ၄၂ | အဖွဲ့ဝင် | ၀၉-၇၈၇၁၂၃၄၆၂ |
| ၁၁ | ဦးစောကနိုဖိုး | ဦးကာတို | ၃/မဝတ(နိုင်) ၀၁၅၅၅၅ | ၄၃ | အဖွဲ့ဝင် | ၀၉-၇၉၃၀၉၆၀၆၁ |
| ၁၂ | ဦးစောဖိုးနို | ဦးဒိဖိုး | ၃/မဝတ(နိုင်) ၀၁၅၄၇၅ | ၄၅ | အဖွဲ့ဝင် | ၀၉-၇၈၉၀၆၁၃၀၄ |
| ၁၃ | ဦးစောဖောလေး | ဦးကျော်နု | ၃/မဝတ(နိုင်) ၀၃၄၉၅၄ | ၃၅ | အဖွဲ့ဝင် | - |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၆ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၈ | ၄၀ | ၇၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၁ | ၆၆ | ၁၂၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၃ | ၈၅ | ၁၅၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂၀ | ၄၂၀ | ၈၄၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၅ | ၄၇ |
| စုစုပေါင်း | | ၆၂၃ | ၆၄၂ | ၁၂၆၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၆၅ | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင်အိမ်ထောင်စု (၂၆၅) စု၊လူဦးရေ (၁၂၆၅) ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၁၉%)၊၅နှစ်အောက်ကလေးအရွယ် (၆.၁၇%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၀၄%)၊ အလယ်တန်း ကျောင်းသားအရွယ်(၁၂.၅%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၆၆.၄%)၊ သက်ကြီးရွယ်ကြီးအရွယ်(၃.၇၁%)ရှိပါသည်။ ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့် လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၃၃.၆%)နှင့်အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၄၂၀)ဦး၊မ(၄၂၀)ဦးစုစုပေါင်း(၈၄၀)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၆၆.၄%)ရှိပါသည်။ ထို့ကြောင့်ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့်လူသားအရင်းအမြစ်ကောင်းများအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈၂ | ၄၈၅ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၅ | ၁၄၄ | - | မြင့်☐လတ်☐နိမ့်✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | – | မြင့်☐ လတ်✓နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၅ | - | မြင့်✓လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / | ၁ | ၁ | - | မြင့်☐လတ်✓နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁ | ၃ | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | – | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၂၄၆ | ၆၄၂ | – | ☒ |

**ရင်းမြစ်**… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်**။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု“**မြင့်**” ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင်စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သည့်အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ စက်ပြင်လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်ပညာရေးဝန်ထမ်း (၁)ဦးရှိပြီးကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာများလှပါသည်။ အခြားအသက်မွေးမှုနည်းပညာများတက်ရောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော**

ကြောင့်အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့်ဦးရေအနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်း တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)
(၂) နာရီတွက်ဖြင့်အလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင် လုပ်ငန်းများအလိုက်ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီးကျား/မဝင်ငွေကွာခြားရခြင်းမှာလည်းလုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူတည်ပါသည်။ ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိရှိသောကြောင့်လုပ်အားခပမာဏကိုမသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၅၀ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၈၅ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၈၉ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၆၂၇ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင် လယ်မြေ (၁၁၅၀)ဧက၊ယာမြေ(၃၈၅)ဧက၊ ဥယျာဉ်ခြံ(၃)ဧကနှင့်စားကျက်မြေ(၈၉)ဧကရှိပြီး မြေဆီလွှာအရည်အသွေးကောင်းမွန်ပါသည်။ ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ ပြောင်းရိတ်ချိန်တွင်ပဲတီစိမ်းကိုလည်းဆက်လက်၍ စိုက်ပျိုးကြပါသည်။

(၈-၂) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☐ နည်း✓ မရှိ☐ | လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ | များ☐ သင့်☐ နည်း✓ မရှိ☐ | လွယ်☐ ခက်✓ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | | အသုံးမပြုနိုင်ပါ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း✓ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ကျောက်၊သဲ၊ကျောက်စရစ်များကိုကျေးရွာ၏အနီးပတ်ဝန်းကျင်တွင်အနည်းငယ်ထုတ်ယူသုံးစွဲနိုင်ပါသည်။ ထီးချားရားကျေးရွာတွင်ဆေးဘက်ဝင်အပင်များနည်းပါးသော်လည်းနွား၊ ဆိတ်စသည့်တိရိစ္ဆာန်များအတွက် လွတ်ကျောင်းရန်အစာအနည်းငယ်ရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိသလောက်နည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | ကောင်း | အသင့်အတင့်ကောင်း | ညံ့ | ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၀ | ၆၀ | ၇၅ | ၁၀၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုသည်ရာခိုင်နှုန်းနည်းပြီးကိုယ်ပိုင်စိုက်ပျိုးရေးနှင့်ဈေးဆိုင်လုပ်ငန်းများကိုအဓိကလုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ပျိုးနုတ်စသည့်ရာသီလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့်အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာစနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား= __________<br>အထောက်အပံ့ယူ= __________<br>ချေးယူ = __၂၀______<br>လုပ်အားခကြိုယူ= _၁၀_______ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၂၃ | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား= __________<br>အထောက်အပံ့ယူ= __________<br>ချေးယူ = ၁၀________<br>လုပ်အားခကြိုယူ= __၁၃________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား= __________<br>အထောက်အပံ့ယူ= __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ= __________ |

ရင်းမြစ်..ဥစ္စာစနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာရှိဥစ္စာစနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့်အိမ်ထောင်စုစုပေါင်း၏ (၅၇) ရာခိုင်နှုန်းမှာ (၃) လအောက်ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ပြီး၊ (၄၃) ရာခိုင်နှုန်းမှာ (၃ - ၅) လအထိသာဝမ်းစာဖူလုံမှုရှိပြီးကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားချကြိုတင်ယူခြင်းဖြင့်ဖြေရှင်းကြသည်။ ဆန်ရှားပါးမှုနှင့်ဆန်ဈေးကြီးမှုကြောင့် အခြားအစားအစာများကိုပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊တစ်ရက်လုံးလျှော့စားခြင်းများမှာတစ်ခါမှမဖြစ်ဖူးကြောင်းကိုစားနပ်ရိက္ခာဖူလုံမှုဆန်းစစ်ချက်ရလဒ်အရသိရပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသောအချိန်များတွင်မူခေါက်ပြန်ကြွေးယူခြင်း၊အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှပြန်ပို့ငွေတို့ဖြင့်စားနပ်ရိက္ခာဖူလုံရန်ဖြေရှင်းနေကြရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | – | - | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | – | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများမရှိသော်လည်းအများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင်တစ်ဦးနှင့်တစ်ဦးဝိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐လတ် ☐လတ် ✓မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐လတ် ✓နိမ့်✓မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ✓နိမ့်✓မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐လတ် ✓နိမ့်✓မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐လတ်☐နိမ့်✓မရှိ ☐ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐လတ်☐နိမ့်✓မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင်သဘာဝဘေးအန္တရာယ်ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုသာအဓိကထား၍လုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍မိုးရာသီတုပ်ကွေးဖျားနာခြင်း၊ငှက်ဖျားရောဂါဖြစ်ပွားခြင်း၊တီဘီရောဂါဖြစ်ပွားခြင်းအနည်းငယ်ရှိပါသည်။ကျေးရွာသူ/သားများသည်စည်းစည်းလုံးလုံးနှင့်အတူတကွနေထိုင်ကြသဖြင့်ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင်ချွာနာ၊လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများဖြစ်ပွားလေ့ရှိပြီးကြက်နာရောဂါများဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည်။ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။လမ်းပန်းဆက်သွယ်ရေးအခက်အခဲမရှိပါ။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ✓နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/<br>ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထီးချားရားကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စုများနှင့်လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၎င်း

အိမ်ထောင်စုများသည်သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့်အခြေအနေများကြုံတွေ့ပါကအခြား အိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင်အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက်အခွင့်အလမ်းနည်းပါးခြင်း၊အသက်မွေးမှုနည်းပညာအားနည်းခြင်းတို့ကြောင့်ရွှေ့ ပြောင်းသွားလာနေထိုင်သည့်အိမ်ထောင်စုများရခြင်းဖြစ်ပါသည်။ စက်ပြင်လုပ်ငန်းနှင့်အသက်မွေးမှု ပြုကြသည့်အိမ်ထောင်စုများသည်ထိခိုက်လွယ်မှုနည်းပါးကြပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐၂✓၃☐ | ၆ | - | ၆ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး✓ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐၂✓၃☐ | ၅ | - | ၅ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး✓ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၃ | ဂေါပက | ၁☐၂✓၃☐ | ၂၀ | - | ၂၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း✓<br>သင့်☐<br>ညံ့☐ |
| ၄ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐၂✓၃☐ | ၈ | ၁ | ၉ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း✓<br>သင့်☐<br>ညံ့☐ |
| ၅ | လုံခြုံရေး | ၁☐၂✓၃☐ | ၃၀ | - | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး✓ | ကောင်း✓<br>သင့်☐<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်<br>(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | အမျိုးသမီးရေးရာ | ၁☐၂✓၃☐ | - | ၅ | ၅ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၇ | | ၁☐၂☐၃☐ | - | - | - | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၈ | | ၁☐၂☐၃☐ | - | - | - | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၉ | | ၁☐၂☐၃☐ | - | - | - | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
